# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ချင်းပြည်နယ်အစိုးရအဖွဲ့

## ချင်းပြည်နယ်
## လမ်းများ၊ တံတားများနည်းဥပဒေ

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ်၊ ၈ / ၂၀၁၅
## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
## ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက် )

### နိဒါန်း

ချင်းပြည်နယ်အစိုးရအဖွဲ့သည် ချင်းပြည်နယ်လမ်းများ၊ တံတားများဥပဒေပုဒ်မ ၂၃ ၊ ပုဒ်မခွဲ (က)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို ချင်းပြည်နယ် လမ်းများ၊ တံတားများနည်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ချင်းပြည်နယ်လမ်းများ၊ တံတားများဥပဒေတွင် ပါရှိသည့်အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ချင်းပြည်နယ် လမ်းများ၊ တံတားများဥပဒေကိုဆိုသည်၊

(ခ) **ပြည်နယ်** ဆိုသည်မှာ ချင်းပြည်နယ်ကိုဆိုသည်၊

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကိုဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုသည်၊

(စ) **ပြည်နယ်လမ်းဦးစီးဌာန** ဆိုသည်မှာ ချင်းပြည်နယ်လမ်းဦးစီးဌာနကိုဆိုသည်၊

(ဆ) **သက်ဆိုင်ရာလမ်းဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်လမ်းဦးစီးဌာနကိုဆိုသည်၊

(ဇ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ချင်းပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုလိုသည်၊

(ဈ) **လမ်း** ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်ထားသည့်လမ်းများကို ဆိုလိုသည်။ ယင်းစကားရပ်တွင်လမ်းမ နှင့် လမ်းမကြီးများ၏ နယ်နိမိတ်များနှင့်ယင်းတစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များလည်းပါဝင်သည်၊

(ည) **တံတား** ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်ထားသောတံတားများကိုဆိုလိုသည်။ ယင်းစကားရပ်တွင်လမ်းတွင်ရှိသော တံတားများလည်း ပါဝင်သည်၊



(ဋ) **အဆောက်အအုံ** ဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်းတစ်ခုခုဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အခြားအဆောက်အအုံသို့မဟုတ်ယင်းတို့၏အစိတ်အပိုင်းကိုဆိုသည်။

## အခန်း (၂)

## လမ်းများတံတားများနှင့်လမ်းနယ်နိမိတ်များ သတ်မှတ်ခြင်း

၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍-

(က) လမ်းများ၊ တံတားများကို သတ်မှတ်ကြေညာရမည်၊

(ခ) နည်းဥပဒေခွဲ (က)အရ သတ်မှတ်ကြေညာရာတွင် လမ်းများ၊ တံတားများအမျိုးအစားနှင့်အဆင့်အလိုက်လမ်းနယ်နိမိတ်များကို သတ်မှတ်ရမည်။

၄။ ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းများ၊ တံတားများ၏ အကျယ်နယ်နိမိတ်အတွင်း၌ အရှည်မိုင်တိုင်နှင့်လမ်းနယ်နိမိတ်အဆုံး တစ်ဖက်တစ်ချက်တွင် လမ်းနယ်မှတ်တိုင်များ၊ လမ်းညွှန်မှတ်တိုင်များ၊ သတိပေးဆိုင်းဘုတ်များစိုက်ထူထားရမည်။

## အခန်း(၃)
## လမ်းများ၊ တံတားများဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့်ထိန်းသိမ်းခြင်း

၅။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

၆။ ဝန်ကြီးဌာနသည် -

(က) လမ်းများ၊ တံတားများ ဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းများပြုလုပ်ရာတွင် လိုအပ်ပါကတည်ဆဲဥပဒေများနှင့်အညီမြေသိမ်းယူခြင်းနှင့်အဆောက်အအုံဖယ်ရှားခြင်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ခ) နည်းဥပဒေခွဲ (က)အရ ဆောင်ရွက်ရာတွင် လျော်ကြေးပေးရန်ကိစ္စ၊ လျော်ကြေးနှုန်းသတ်မှတ်ရေးကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အာဏာပိုင်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) လမ်းများ၊ တံတားများ ဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ ပြည်နယ်လမ်းဦးစီးဌာနသည် ဥပဒေပုဒ်မ ၆ ပါပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရမည်။

၈။ ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းများ၊ တံတားများပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများနှင့်အထွေထွေစီမံကိန်းများချမှတ်နိုင်ရန်အတွက် လိုအပ်မည့်မှတ်တမ်းမှတ်ရာများနှင့်အချက်အလက်များကို စုဆောင်းထားရှိရမည်။



၉။ ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းများ၊ တံတားများ တိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်းလမ်းနှင့်တံတားတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဖြတ်သန်းသွားလာခြင်းကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားနိုင်သည်။ထိုသို့ပိတ်ထားချိန်တွင် သွားလာရန်လမ်းလွှဲဖောက်လုပ်ပေးပြီးသင့်လျော်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များစိုက်ထူထားရမည်။

၁၀။ ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းလွှဲဖောက်လုပ်ခြင်းမပြုနိုင်မီကိစ္စတစ်ခုခုကြောင့် လမ်းပိတ်ထားရန် အကြောင်းပေါ်ပေါက်ပါက ကြိုတင်မခန့်မှန်းနိုင်သောကိစ္စမှအပအများပြည်သူသိရှိစေရန်ကြိုတင်ကြေညာရမည်။

၁၁။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်မိမိ၏လုပ်ငန်းလိုအပ်ချက်အရ လမ်း၊ တံတားများကိုဖြတ်သန်း၍ မြေပေါ်မြေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေပေါ်မြေအောက် လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေပေါ်မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်းစသည်တို့ကို ပြုလုပ်ပါကဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)
## လမ်းများ၊ တံတားများဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စီးပွားရေး အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁၂။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းနှင့်အထူးစီမံကိန်းများအရ ဆောင်ရွက်သော လမ်းများ၊ တံတားများနှင့်ဝန်ကြီးဌာနက ဆောင်ရွက်သော လမ်းများ၊ တံတားများဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်ဥပဒေအရ လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများကိုစီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးနှင့်ဖက်စပ်လုပ်ကိုင်ရန်ရှိလျှင်လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန်ရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် လမ်းများ၊ တံတားများနှင့် သက်ဆိုင်သည့်လိုအပ်သော အချက်အလက်များကိုဖော်ပြ၍အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၁၃။ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးသည် လမ်းများ၊ တံတားများဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်ဥပဒေအရ လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်နှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်း



တစ်ခုချင်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ ခွင့်ပြုချက်ရရှိရန် အောက်ပါအချက်များကို ဖော်ပြ၍ ဝန်ကြီးဌာနသို့ လျှောက်ထားရမည် -

(က) လျှောက်ထားသည့်အဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့်တည်ရှိရာအရပ်ဒေသ၊

(ခ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် လမ်းများ၊ တံတားများ၏အကျယ်၊ အရှည်နှင့်တည်နေရာ၊

(ဂ) မတည်ငွေရင်းနှင့်ရင်းနှီးမြှုပ်နှံမည့် ခန့်မှန်းခြေငွေကြေးပမာဏ(ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားငွေ)၊

(ဃ) ငွေရေးကြေးရေး အစီအစဉ်နှင့်ပိုင်ဆိုင်မှုအထောက်အထားများ၊

(င) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် နှစ်ကာလအပိုင်းအခြား၊

(စ) ခန့်မှန်းခြေဝင်ငွေနှင့်ကုန်ကျစရိတ်၊

(ဆ) အရင်းကျေကာလ၊

(ဇ) လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်မည့် စက်ယန္တရားအမျိုးအစား၊အရေအတွက်၊ စက်သုံးဆီလိုအပ်ချက်နှင့် ဝယ်ယူတင်သွင်းမည့်အစီအစဉ်၊

(ဈ) လမ်းနှင့်တံတားအသုံးပြုခကောက်ခံရငွေစုစုပေါင်းမှ နိုင်ငံတော်သို့ပေးသွင်းမည့် ရာခိုင်နှုန်းနှင့်နှစ်အပိုင်းအခြား၊

(ည) လမ်းများ၊ တံတားများ ဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းလုပ်ကိုင်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုနှင့်လုပ်ငန်းအတွေ့အကြုံဆိုင်ရာ အချက်အလက်များ။

၁၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၃ အရ လမ်းများ၊ တံတားများဖောက်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး -

(က) စီးပွားရေးအဖွဲ့အစည်းတစ်ခုခုနှင့်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦး နှင့်ဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုစေပြီး ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သည်၊

(ခ) စီးပွားရေးအဖွဲ့အစည်းတစ်ခုခုအားဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ပဋိညာဉ်စာချုပ် ချုပ်ဆိုစေပြီးရာနူန်းပြည့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၅။ ပြည်နယ်လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၄ အရ ဝန်ကြီးဌာနကဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောသို့မဟုတ် ပုဂ္ဂလိကအားရာနူန်းပြည့်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ပဋိညာဉ်စာချုပ် ချုပ်ဆိုရမည်။



၁၆။ နည်းဥပဒေ ၁၅ အရ ပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ အာမခံချက်၊အခွန် ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်တို့ကို ရရှိခံစားလိုပါကခွင့်ပြုမိန့် ရရှိရေးအတွက် အဆိုပြုချက်ကို ဖော်ပြ၍ ဝန်ကြီးဌာန၏ထောက်ခံချက် ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။ထိုသို့ လျှောက်ထားရာတွင် ဝန်ကြီးဌာနအပ နည်းဥပဒေ ၁၄အရထုတ်ပေး သောခွင့်ပြုချက်နှင့်အတူ နည်းဥပဒေ ၁၅ အရ ချုပ်ဆိုသောပဋိညာဉ် စာချုပ်ကို ပူးတွဲ၍တင်ပြရမည်၊

(ခ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်ပဋိညာဉ်စာချုပ်ပါ သဘောတူညီ ချက်များကို လိုက်နာရမည်၊

(ဂ) ဝန်ကြီးဌာနက လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံခြင်းမှကင်းလွတ် ခွင့်ပြုထားသော ယာဉ်များကိုလမ်းနှင့်တံတား အသုံးပြုခ ကောက်ခံခြင်း မပြုရ။

## အခန်း (၅)
## လမ်းများ၊ တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့်လမ်းများ၊တံတားများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း

၁၇။ လမ်းများ၊ တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့်လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန်သက်ဆိုင်ရာ လမ်းဦးစီးဌာနသို့လျှောက်ထားရမည်။

၁၈။ သက်ဆိုင်ရာ လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၇ အရ လျှောက်ထားချက်ကို စိစစ်ပြီးလမ်းများ ၊တံတားများတွင်ယာဉ်အသွားအလာနှင့်အများပြည်သူတို့၏သွားလာမှုကို အနှောက်အယှက်သော်လည်းကောင်း၊ ထိခိုက်ခြင်းသော်လည်းကောင်း မဖြစ်စေရန် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၁၉။ သက်ဆိုင်ရာ လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၈ အရခွင့်ပြုချက်ထုတ်ပေးရာတွင် ဒေသအခြေအနေနှင့်လုပ်ငန်းအမျိုးအစားကို မူတည်၍ခွင့်ပြုရမည့်ကာလကို သတ်မှတ်ပေးရမည်။

၂၀။ လမ်းများ၊ တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခွင့်၊ဆောက်လုပ်ခွင့် သို့မဟုတ် လမ်းများ၊တံတားများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်ရရှိသူသည် -



(က) သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ခွင့်ပြုချက်နှင့်အညီ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းပြုရာတွင် ယာဉ်နှင့်အများပြည်သူတို့၏ သွားလာမှုကို အနှောက်အယှက်သော်လည်းကောင်း၊ ထိခိုက်ခြင်းသော်လည်းကောင်း မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခကို ပေးဆောင်ရမည်၊

(ဂ) သက်ဆိုင်ရာ လမ်းဦးစီးဌာနက ထုတ်ပေးသော ခွင့်ပြုချက်ကိုအများပြည်သူမြင်သာသည့်နေရာတွင်ချိတ်ဆွဲထားရှိရမည်၊

(ဃ) မိမိ၏ဆောင်ရွက်မှုကြောင့် လမ်းနှင့်တံတားကို တစ်စုံတစ်ရာပျက်စီးစေပါက သက်ဆိုင်ရာ လမ်းဦးစီးဌာနကသတ်မှတ်ထားသည့် တန်ဖိုးကို ပေးလျော်ရမည်။

## အခန်း (၆)
## ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း

၂၁။ လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူလိုသူသည် ခွင့်ပြုချက်ရရှိရန်ကြော်ငြာဆိုင်းဘုတ်နမူနာပူးတွဲ၍ သတ်မှတ်ချက်နှင့်အညီမြို့နယ်လမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၂။ (က) မြို့နယ်လမ်းဦးစီးဌာနသည် နည်းဥပဒေ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီးမိမိ၏ လုပ်ပိုင်ခွင့်အတွင်းဖြစ်ပါက ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။မိမိ၏လုပ်ပိုင်ခွင့်အတွင်းမဟုတ်ပါက

ခရိုင် လမ်းဦးစီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်၊

(ခ) ခရိုင်လမ်းဦးစီးဌာနသည် မြို့နယ်လမ်းဦးစီးဌာနက နည်းဥပဒေခွဲ(က)အရ ဆက်လက်တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန်အတွက် သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ခွင့်ပြုချက် ရရှိသူသည် ဥပဒေနှင့်အညီသတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကြော်ငြာဆိုင်းဘုတ်ခွန် ပေးဆောင်ရမည်။

၂၄။ ပြည်နယ်လမ်းဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းအတွက် ဖြစ်စေ၊ ဘာသာရေး သို့မဟုတ်လူမှုရေးကိစ္စများအတွက်ဖြစ်စေ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းအတွက် ကြော်ငြာဆိုင်းဘုတ်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၇)

## လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သွားလာနိုင်သည့် ယာဉ်နှင့်ဘီးအမျိုးအစား၊ယာဉ်နှင့်ဝန်တင်အလေးချိန်များ၊ လှည်းနှင့်ဘီးကွပ်များ သတ်မှတ်ခြင်း

၂၅။ လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သည့် နှစ်ဘီးတပ်ယာဉ်များ၏တာယာ အတိုင်းအတာများမှာအောက်ပါအတိုင်းဖြစ်စေရမည် -

(က) စက်တပ်ယာဉ် (မော်တော်ဆိုင်ကယ်)ဖြစ်ပါက တာယာအကျယ်(အနံ) သည် ၂ ၁/၂ လက်မထက်မငယ်စေရ၊



(ခ) ၁/၂ တန်ထက် မပိုသည့်ယာဉ်( ဘေးတွဲယာဉ်၊ နောက်တွဲယာဉ် ) ဖြစ်ပါက တာယာအကျယ်(အနံ)သည်၃ ၁/၂ လက်မထက် မငယ်ရ၊

(ဂ) ၁/၂ တန်ထက်ပိုပြီး ၁ တန်ထက်မပိုသည့်ယာဉ်(နောက်တွဲယာဉ်)ဖြစ် ပါက တာယာအကျယ်(အနံ)သည် ၆ လက်မထက်မငယ်ရ၊

(ဃ) ၁ တန်ထက်ပိုပြီး ၁ ၁/၂ တန်ထက်မပိုသည့်ယာဉ် (နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ်(အနံ) သည် ၇ လက်မထက် မငယ်ရ။

၂၆။ လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သည့် အလေးချိန် ၁ ၁/၂ တန်နှင့် အထက် တင်ဆောင်နိုင်သည့်ယာဉ်များ၏ တာယာအတိုင်းအတာများမှာ အောက်ပါ အတိုင်းဖြစ်စေရမည် -

(က) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၁ ၁/၂ တန်ထက်မပိုသည့်ယာဉ်ဖြစ် ပါက တာယာအကျယ်(အနံ)သည် ၆ လက်မထက်မငယ်ရ၊

(ခ) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၁ ၁/၂ တန်ထက်ပိုပြီး ၂ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၇ လက်မထက် မငယ်ရ၊

(ဂ) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၂ တန်ထက်ပိုပြီး ၅ တန်ထက်မပို သည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၈ လက်မထက် မငယ်ရ၊

(ဃ) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၅ တန်ထက်ပိုပြီး ၇ တန်ထက်မပို သည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၉ လက်မထက် မငယ်ရ၊

(င) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၇ တန်ထက်ပိုပြီး ၈တန်ထက်မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၁၀ လက်မထက် မငယ်ရ၊

(စ) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန် ၈ တန်ထက်ပိုသည့်ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၁၁ လက်မထက်မငယ်ရ။

၂၇။ လှည်းများဖြတ်သန်းသွားလာရမည့် လမ်းခရီး၌ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်ရှိသည့်အခြေအနေမှအပ လမ်းနှင့်တံတားပေါ်တွင်လှည်းကို မောင်းနှင်ခြင်းမပြုရ။လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်ရှိနေလျှင်မူ ယင်းတည်ရှိနေသော နေရာကို ရှောင်ရှားဖြတ်ကျော်နိုင်ရန်အလို့ငှာ လမ်းနှင့်တံတား ပေါ်တွင် လှည်းဘီး၌တာယာအုပ်ထားသည့်လှည်း သို့မဟုတ် မော်တော်ကားတာယာဘီး တပ်ဆင်ထားသည့် လှည်းကိုသာမောင်းနှင်နိုင်သည်။

## အခန်း (၈)
## အထွေထွေ

၂၈။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာန၏ တင်ပြချက်အရ အသုံးပြုခ ကောက်ခံရမည့် လမ်းနှင့်တံတားကို သတ်မှတ်ခြင်း၊အသုံးပြုခ ကောက်ခံရန်နှုန်းထားသတ်မှတ်ခြင်းအသုံး ပြုခ ကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့်ဝန်အလေးချိန်ကိုသတ်မှတ်ခြင်း၊ အသုံးပြုခ ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ပြုခြင်း၊ ကြော်ငြာဆိုင်းဘုတ်ခွန်နှုန်းထားသတ်မှတ်ခြင်း၊ ရာသီဥတုနှင့်လမ်း၊ တံတားအခြေအနေပေါ်မူတည်၍ ဖြတ်သန်းမောင်းနှင်မည့်ယာဉ် အမျိုးအစားနှင့်အလေးချိန်တို့ကို အချိန်မရွေးပြောင်းလဲသတ်မှတ်ခြင်း စသည်တို့ကို သတ်မှတ်ဆောင်ရွက်နိုင်သည်။



၂၉။ ဝန်ကြီးဌာနသည် လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း တစ်စုံတစ်ရာ ဖောက်လုပ်ရန်၊ ဆောက်လုပ်ရန်နှင့်အဆောက်အအုံလုပ်ရန် ခွင့်ပြုခြင်းအတွက်လည်း ကောင်း သက်ဆိုင်ရာ လမ်းဦးစီးဌာနအဆင့်ဆင့်အလိုက် လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးရမည်။

၃၀။ ဝန်ကြီးဌာနသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင်လိုအပ် ပါက သက်ဆိုင်ရာလမ်းဦးစီးဌာနကိုဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ လွှဲအပ်တာဝန်ပေးနိုင်သည်။

၃၁။ ပြည်နယ်လမ်းဦးစီးဌာနသည် မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် ခရိုင်နှင့်မြို့နယ်လမ်းဦးစီးဌာနတို့အား တာဝန်ပေးနိုင်သည်။

၃၂။ သက်ဆိုင်ရာ လမ်းဦးစီးဌာနသည် လမ်းများ၊ တံတားများ ရေရှည်တည်တံ့နိုင်ရန် အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်သလိုပြုပြင်ခြင်း၊ ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့်ညှိနှိုင်းအကူအညီကို ရယူနိုင်သည်။

ပုံ

ဝန်ကြီး
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန